# အီးအက်စ်အယ်လ် ကျောင်းအပ်ဌာန

ဟောဇယ်ဝု မူလတန်းကျောင်း၊ မြေအောက်ထပ်၊ ၁၃၂၅ ဘလူးဂရပ်စ် အဲဗားညျူး၊ လွီဘယ်၊ ကန်တပ်ကီ ၄၀၂၁၅



အင်္ဂလိပ်ဘာသာစကား မပြောသော နောက်ခံအခြေအနေရှိသည့် ကျောင်းသူကျောင်းသားတို့၏ အခြေအနေနှင့် ယင်းတို့၏အင်္ဂလိပ်စာတတ်ကျွမ်းမှု အနေအထားတို့အား သုံးသပ်တင်ပြရန်အတွက် နိုင်ငံတော်နှင့်ပြည်နယ် အစိုးရတို့မှ ဂျက်ဖရီဆန်ခရိုင် ပြည်သူ့ပညာရေးဌာနသို့ ညွှန်ကြားထားပါသည်။ အီးအက်စ်အယ်လ် ကျောင်းအပ်ဌာနသည် ကျောင်းသူကျောင်းသားတို့အတွက် စာရင်းသွင်းမှတ်တမ်းပြုလုပ်ခြင်းနှင့် အခြေအနေ သုံးသပ်စစ်ဆေးခြင်းကိစ္စတို့အား ဆောင်ရွက်လျက်ရှိပါသည်။ တွေ့ဆုံရန်ချိန်းဆိုမှု အပွိုင့်မင့်ပြုလုပ်ရန်အတွက် ဖုန်း (၅၀၂) ၄၈၅-၃၆၂၃ သို့ဆက်သွယ်ပါ။ ဤအပွိုင့်မင့်သို့ မိဘ အုပ်ထိန်းသူ နှင့်အတူ ကျောင်းအပ်ခံရမည့် ကျောင်းသူကျောင်းသားတို့ ကိုယ်တိုင် လာရောက်ရပါမည်။

အောက်ပါ စာရွက်စာတမ်းနှင့် အချက်အလက်များ လိုအပ်ပါသည်။

- မွေးဖွါးသည့်နေ့ အထောက်အထား (အိုင်နိုင်တီဖိုး၊ နိုင်ငံကူးလက်မှတ် သို့မဟုတ် မွေးစာရင်းလက်မှတ်)
- နေရပ်လိပ်စာ အထောက်အထား ( အိမ်ဌားစာချုပ်၊ မီးခပြေစာ)
- ဖွံ့စတန့်ပ် ခေါ် ရိက္ခာထောက်ပံ့မှု နံပါတ် (ရှိနိုင်ပါက)
- မိဘ မှတ်ပုံတင် အိုင်ဒီ (အမေရိကန် သို့မဟတ် ယခင်နိုင်ငံ၊ ယဉ်မောင်းလိုင်စင် သို့မဟုတ် ကောင်စူလာ အိုင်ဒီကဒ်)
- မှတ်တမ်း/ယခင်နေခဲ့သည့်ကျောင်းမှ ကျောင်းပြောင်းထောက်ခံစာ (ရှိနိုင်ပါက)
- ကန်တပ်ကီ ဆေးစစ်မှတ်တမ်း (ကျောင်းတခုစီတိုင်း ယင်းမှတ်တမ်းတို့ကို ပြုစုမှတ်တမ်းထားရှိရန် လိုအပ်ပါသည်)
- ကန်တပ်ကီ ကာကွယ်ဆေးထိုးလက်မှတ် (ကျောင်းတခုစီတိုင်း ယင်းမှတ်တမ်းတို့ကို ပြုစုမှတ်တမ်းထားရှိရန် လိုအပ်ပါသည်)
- ကန်တပ်ကီ မျက်စေ့ ဆေးစစ်လက်မှတ် (ကျောင်းအပ်သည့်နှစ် ဇန်နဝါရီလ ၁ ရက် နောက်ပိုင်းမှတ်တမ်း)

ကျောင်းအပ်စာရင်းသွင်းဌာနတွင်–

- ဘာသာစကားစုံ ကျောင်းအပ်စာရင်းအပ်ဝန်ထမ်းများမှ ကျောင်းအပ်စာရင်း ပြုစုမှတ်တမ်းတင်ခြင်းတို့အား ကူညီဆောင်ရွက်ပေးပါသည်။
- အီးအက်စ်အယ်လ် ဝန်ဆောင်မှု နှင့် အကြုံးဝင် မဝင်သိနိုင်ရန်အတွက် ယင်းကျောင်းသူကျောင်းသားအား အင်္ဂလိပ်စာစမ်းသပ်စစ်ဆေးခြင်း
- အီးအက်စ်အယ်လ် အစီအစဉ်တွင် စာရင်းပေးသွင်းခြင်းသည် မိမိ၏ ဆုံးဖြတ်ချက်ဆန္ဒ အပေါ်တွင်သာ မူတည်ပါသည်။
- ယင်းကျောင်းသူကျောင်းသားသည် အီးအက်စ်အယ်လ် နှင့် ဘောင်မဝင်ခြင်း သို့မဟုတ် မိဘများက အီးအက်စ်အလ် ဝန်ဆောင်မှုအား ဆန္ဒမရှိခြင်းဖြစ်ပါက ယင်းကျောင်းသူကျောင်းသားအား ကျောင်းအပ်စီစဉ်နေရာချထားရေး သတ်မှတ်ထားချက်များနှင့်အညီ ယင်းတို့နှင့်သက်ဆိုင်သည့်ကျောင်း (နေရပ်လိပ်စာအပေါ်မူတည်၍) သို့တက်ရောက်ရန်အတွက် ညွှန်ကြားခံရပါမည်။ ကျောင်းအပ်စာရင်းသွင်း ဝန်ထမ်းများက မိဘများအတွက် ဂျက်ဖရီဆန်လူထုပညာရေးကျောင်းများနှင့် ပတ်သက်သော အချက်အလက်များကို စုဆောင်းဖေါ်ပြပေးနိုင်ပါသည်။
- ရုံးတက်ငါးရက်တို့တွင် (ကြိုတင်ကျောင်းအပ်ထားသော သူငယ်တန်းကျောင်းသူကျောင်းသားသစ်များမှလွဲ၍) အီးအက်စ်အယ်လ် ဝန်ဆောင်မှုအစီအစဉ်အား လက်ခံထားသော မိဘများသည် တတ်ခွင့်ရမည့်ကျောင်း၊ လမ်းပန်းဆက်သွယ်ရေးအချက်အလက် အသေးစိပ်၊ ကျောင်းဝတ်စုံ၊ ဆရာဆရာမ နှင့် ဘာသာစကားကူညီပေးသူတို့၏အမည် စသည့် အကြောင်းအရာများပြောပြမည့် ဖုန်းခေါ်မှုတခု လက်ခံရရှိမည်ဖြစ်သည်။

သူငယ်တန်းကျောင်း စတင်တက်ရောက်နိုင်ရန်အတွက် ယင်းကလေးသည် ဤနှစ် အောက်တိုဘာလ ၁ ရက်မတိုင်မီတွင် အသက် ၅ နှစ် ပြည့်နှင့်ထားသူဖြစ်ရပါမည်။ သူငယ်တန်းတက်ရန် ပထမဦးဆုံးကျောင်းအပ်မည့်ကိစ္စအတွက် ဇန်နဝါရီ၊ ဖေဖေါ်ဝါရီ၊ မတ်၊ ဧပြီ၊ မေလ တို့၏နောက်ဆုံး အပတ်ရှိရက်များတွင် ကလေးမိဘများအနေဖြင့် ကျောင်းအပ်ဌာနသို့ ဖုန်းဖြင့်ခေါ်ယူပြီး တွေ့ဆုံရန်ချိန်းဆိုထားချက် အပွိုင့်မင့် ပြုလုပ်ရပါမည်။

အချက်အလက်များ ပိုမိုသိလိုခြင်း သို့မဟုတ် ကျောင်းအပ်ခြင်းနှင့်စစ်ဆေးခြင်း ကိစ္စအတွက် နံနက် ၇း၄၅ မှ ညနေ ၄း၁၅ အတွင်း ဖုန်း (၅၀၂)၄၈၅-၃၆၂၃ သို့ ခေါ်ယူဆက်သွယ်နိုင်ပါသည်။